# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာ နိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၃၃ အောက်တွင် အောက်ပါကို၊ အခန်း ၉ အဖြစ် ထည့်သွင်းရမည်။

"အခန်း ၉။

<u>မှုခင်းနှင့်ပြစ်ဒဏ်။</u>

၃၄။ ။တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို—

(က) လေယာဉ်ခ ပေးဆောင်ခြင်းမှလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်၊ လေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ၊အဖွဲ့ပိုင်လေယာဉ်တွင် စီးနင်းလိုက်ပါလျှင်၊ သို့တည်းမဟုတ် စီးနင်းလိုက်ပါရန်ကြိုးစားအားထုတ်လျှင်၊

(ခ) အဖွဲ့ပိုင်လေယာဉ်တွင် တခုခုသောခရီးအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက်၊ အဆိုပါခရီးကိုကျော်လွန်ကြောင်း သိလျက်နှင့် ထိုကျော်လွန်သည့်ခရီးအတွက် နောက်ထပ် လေယာဉ်ခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်၊ နောက်ထပ်လေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ၊ အဖွဲ့ပိုင်လေယာဉ်တွင် တမင်ဆက်လက်စီးနင်းလိုက်ပါလျှင်၊ သို့တည်းမဟုတ် ဆက်လက်စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်လျှင်၊

(ဂ) အဖွဲ့ပိုင်လေယာဉ်တွင် တခုခုသောခရီးအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက်၊ အဆိုပါခရီးသို့ ရောက်ရှိကြောင်း သိလျက်နှင့် လေယာဉ်မှထွက်ခွာသွားရန် တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊

(ဃ) လူနှင့်အတူ ယူဆောင်သောပစ္စည်းများအတွက် တန်ဆာခ ပေးဆောင်ခြင်းမှလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်၊ ကျသင့်သောတန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ၊ သို့တည်းမဟုတ် ကျသင့်သောတန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ၊ အဖွဲ့ပိုင် လေယာဉ်တွင် လူနှင့်အတူ ပစ္စည်းများတင်ဆောင်လျှင်၊ သို့တည်းမဟုတ် တင်ဆောင်ရန်ကြိုးစားအားထုတ်လျှင်၊

(င) အကယ်ကျသင့်သော လေယာဉ်ခကိုပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့်၊ အဖွဲ့ပိုင်လေယာဉ်တွင် လေယာဉ်နေရာအဆင့်အတန်းတခုအတွက် လေယာဉ်ခပေးဆောင်လျက်၊ ထိုနေရာအဆင့်အတန်းထက်မြင့်သောသီးသန့်နေရာတွင်၊ သို့တည်းမဟုတ် အခန်းတွင်စီးနင်းလိုက်ပါလျှင်၊

(စ) အဖွဲ့ပိုင်လေယာဉ်တွင် စီးနင်းလိုက်ပါလျက်၊ လေယာဉ်၏ ရာထမ်းမှုထမ်းများက လေယာဉ်လက်မှတ်ဝယ်ယူရန် စေခိုင်းသော်လည်း လေယာဉ်လက်မှတ်မဝယ်ယူလျှင်၊ သို့တည်းမဟုတ် လေယာဉ်လက်မှတ်ထုတ်ပြရန်စေခိုင်းသော်လည်း လေယာဉ်လက်မှတ် ထုတ်မပြလျှင်၊ သို့တည်းမဟုတ် ခရီးအဆုံးတွင် လေယာဉ်လက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ်ပြန်မအပ်လျှင်၊

(ဆ) အဖွဲ့ပိုင်လေယာဉ်တွင် စီးနင်းလိုက်ပါသော သူတဦးအတွက် ကျသင့်သောလေယာဉ်ခကို ပေးဆောင်ခြင်းမှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့်၊ လက်မှတ်စစ်အား လိမ်လည်ပြသနိုင်စေခြင်းအလို့ငှါ၊ မိမိ၏လက်မှတ်ကို ထိုသူအားလွှဲပြောင်းပေးလျှင်၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့်ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အဖွဲ့ပိုင်လေယာဉ်ပေါ်တွင် မတရားသောနည်းဖြင့်ကုန်ပစ္စည်းများတင်ဆောင်လျှင်၊ သို့တည်းမဟုတ် တင်ဆောင်ရန်ကြိုးစားအားထုတ်လျှင်၊

(ဈ) အဖွဲ့ပိုင် လေယာဉ်များတွင်အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားလက်မှတ်ကို၊ သို့တည်းမဟုတ် ပုံစံများကိုဖြစ်စေ၊ မတရားသဖြင့်အစားထိုးအသုံးပြုရန်ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်လျှင်၊ သို့တည်းမဟုတ် အတုပြုလုပ်ရန်ကြိုးစားအားထုတ်လျှင်၊သို့တည်းမဟုတ် အဆိုပါအတုလက်မှတ်ကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ၊ ထိန်းသိမ်းထားလျှင်၊ သို့တည်းမဟုတ် ရောင်းဝယ်လျှင်

ထိုသူသည်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ၊ အထက်ပါပြစ်မှုအသီးသီးအတွက် သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံထိုက်စေရမည်။ ထို့ပြင် ဤပုဒ်မအရဖော်ပြထားသော ပြစ်မှုများသည်၊ ရဲအရာရှိ အရေးယူပိုင်သော ပြစ်မှုများဖြစ်ရမည်။ ''

ပ၊မ၊ဗ၊စ၊—အမှတ် ၆၂၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁၁-၅၄—၂,၀၀၀—၂။